28.5.2005,(8:00am)13

မပြောဘူးလား။ အဝိဇ္ဇာက စ ဇရာ နဲ့ မရဏမှာ ဆုံးတယ်နော် ။ ပူတယ်ဆိုတာ တကယ် စိစစ်ကြည့်တော့ ဇရာကွဲ့။ အိုအောင် နိုပ်စက်တာ ဇရာ။ စဉ်းစားနော်။ သေအောင် နှိပ်စက်တာ မရဏ။ ကဲ နေ့စဉ်နှင့်တကွ ဇရာနဲ့ မရဏနဲ့ နေရတာ။ အဲလို စိစစ်ဖို့ မကောင်းလား။ ဇရာတဲ့ မရဏတဲ့။ အိုအောင် နှိပ်စက်တာ ဇရာ။ သေအောင် နှိပ်စက်တာ မရဏ။ ကဲ နေ့စဉ်နှင့် တကွ ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရား။ အဲဒီ ဆင်းရဲတဲ့တရားလို့ သိကာ နောင်တဖန် ဒီခန္ဓာ မျိုး ရချင်သေး ရဲ့လား။ လက်ရှိ ခန္ဓာ မတွယ်တာဘူးပေါ့။ နောင် ခန္ဓာ တောင့်တဦးမလား။ သိ ပယ် ဆိုက် ပွား လေးပါး ကိစ္စ မဂ် တစ်ခဏ လို့ မပြောဘူးလား။ အဲလို စိစစ်ဖို့ လိုတယ်နော်။

ကဲ ဇရာ ဆိုတာ အိုအောင် နှိပ်စက်တာ ။ မရဏ ဆိုတာ သေအောင် နှိပ်စက်တာ ။ ဇရာမရဏ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ။ အလိုလိုဖြစ်တာလား အကြောင်း ကြောင့် အကျိုး တရား ပေါ်တာလား။ အကြောင်းရှာကြည့်တဲ့ အခါ ဇရာ မရဏ အကြောင်းရှာကြည့်တော့ ဇာတိလို့ မပြောဘူးလား။ ဇာတိဆိုတာ ခန္ဓာရလို့ အိုရတာ။ နာရတာ။ သေရတာ။ ခန္ဓာသာ မရှိဘူးဆိုရင် အိုဦးမလား။ သေဦးလား။ ခန္ဓာရှိလို့ အိုရတာ ခန္ဓာရှိလို့ နာရတာ။ သေရတာ။ ဇာတိဆိုတဲ့ ခန္ဓာက အကြောင်းတရား မရလား။ အကြောင်းတရား သစ္စာဖွဲ့တော့ သမုဒယပေါ့။ အကျိုးတရား သစ္စာဖွဲ့တော့ ဒုက္ခပေါ့။ ဤနှစ်ခုချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က... မဂ္ဂသစ္စာ မပြောဘူးလား။ ဤနှစ်ခု ချုပ်သွားတာ.... နိရောဓသစ္စာ။

ကဲ နောက်ဆုတ် ကြည့်ကြဦးစို့ ။ နောက်ဆုတ်တဲ့အခါ ဇာတိကို အကျိုးတရား မထားရဘူးလား ။ အကျိုးတရား ထားတော့ အကြောင်း မရှာရဘူးလား။ အကြောင်းရှာကြည့်တော့ ကမ္မဘဝပစ္စယာ ဇာတိ လို့ မပြောဘူးလား။ ကဲ ကုသိုလ်ကံ အကုသိုလ်ကံ တရားနှစ်ပါးက အကြောင်းတရား မရလား။ ဇာတိက အကျိုးတရား။ အကျိုးတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ကဲ ကမ္မဘဝက အကြောင်းတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဤနှစ်ခုချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က...။ ဤနှစ်ခုချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က မဂ္ဂသစ္စာ။ ဤနှစ်ခု ချုပ်သွားတာ နိရောဓသစ္စာ။ သစ္စာလေးပါး တစ်စုံ။

ကဲ နောက်ဆုတ်ကြဦးစို့။ နောက်ဆုတ်တော့ကာကျတော့ ကမ္မဘဝကို အကျိုးတရား မထားရဘူး လား။ အကျိုး တရား ထား အကြောင်း မရှာရဘူးလား။ အကြောင်း ရှာကြည့်တော့ ဥပါဒါနပစ္စယာ ကမ္မဘဝေါလို့ မပြောဘူးလား။ ဥပါဒါန်က အကြောင်းတရား မရလား။ ကမ္မဘဝက အကျိုးတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဥပါဒါန်က အကြောင်းတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာချုပ်ကြောင်း အလေ့အကျင့်က...။ ဤနှစ်ခု ချုပ်သွားတာ...။ သစ္စာလေးပါး တစ်စုံ။

28.5.2005,(8:00am)14

ကဲ တစ်ခါ ပြန် နောက်ဆုတ်ကြည့်တော့ ဥပါဒါန်ကို အကျိုးတရား မထားရဘူးလား။ အကျိုးတရား ထား.. အကြောင်း မရှာရဘူးလား။ အကြောင်း ရှာ... တဏှာပစ္စယာ ဥပါဒါနံ လို့ မလာလား။ တဏှာက အကြောင်းတရား ဥပါဒါန်က အကျိုးတရား။ အကျိုးတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ အကြောင်းတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာချုပ်ကြောင်း အလေ့အကျင့်က...။ ဤနှစ်ခု ချုပ်သွားတာ...။

ကဲ တစ်ခါ ပြန် နောက်ဆုတ်ကြည့်တော့ တဏှာကို အကျိုးတရား မထားရဘူးလား။ အကျိုးတရား ထားတော့ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ အကြောင်းမရှာရဘူးလား။ အကြောင်း ရှာကြည့်တော့ ဝေဒနာက အကြောင်းတရား မရလား။ အကြောင်းတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က....။ ဤနှစ်ခု ချုပ်သွားတာ....။ နိရောဓသစ္စာ။

ကဲ နောက်ဆုတ်ကြည့်တော့ကာ ဝေဒနာကို အကျိုးတရား မထားရဘူးလား။ အကျိုးတရား ထားတော့ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ကဲ အကြောင်းမရှာရဘူးလား။ အကြောင်း ရှာ... ဖဿပစ္စယာ ဝေဒနာလို့ မဟောလား။ ဖဿက အကြောင်းတရား မရလား။ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဝေဒနာက အကျိုးတရား ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာချုပ်ကြောင်း အလေ့အကျင့်က... ။ ဤနှစ်ခု ချုပ်သွားတာ... ။ နိရောဓသစ္စာ။

ကဲ နောက်ဆုတ်ကြည့်တော့ ဖဿကို အကျိုးတရား မထားရဘူးလား။ အကျိုးတရား ထားတော့ ဘာသစ္စာလဲ။ အကြောင်း မရှာရဘူးလား။သဠာယတနပစ္စယာ ဖဿော လို့ မဟောဘူးလား။ သဠာယတနက အကြောင်းတရား မရလား၊ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဖဿက အကျိုးတရား ဘာသစ္စာလဲ။ ဤနှစ်ခုချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က....။ ဤနှစ်ခု ချုပ်သွားတာ....။ အဲလို စိစစ်ဖို့ မကောင်းလား။

ကဲ နောက်ဆုတ်ကြည့်တော့ သဠာယတနကို အကျိုးတရား မထားရဘူးလား။ အကျိုး တရား ထား အကြောင်း မရှာရဘူးလား။ အကြောင်း ရှာကြည့်တော့ နာမရူပပစ္စယာ သဠာယတနံလို့ မဟောဘူး လား။ နာမ်ရုပ်က အကြောင်းတရား မရလား။ သဠာယတနက အကျိုးတရား မရလား။ အကျိုးတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ နာမ်ရုပ်က အကြောင်းတရား ဘာသစ္စာလဲ၊ ဤနှစ်ခုချုပ်ရာချုပ်ကြောင်း အလေ့အကျင့်က... ၊ဤနှစ်ခု ချုပ်သွားတာက....။ နိရောဓသစ္စာ။

ကဲ သူ့ကို နောက်ဆုတ်ကြည့်တော့ အကျိုးတရား မထားရဘူးလား။ နာမ်ရုပ်ကို အကျိုးတရား ထားရမှာနော်။ အကျိုးတရားထားတော့ သစ္စာဖွဲ့ တော့ ဘာသစ္စာလဲ။ အကြောင်း မရှာရဘူးလား။

28.5.2005,(8:00am)15

ဝိညာဏပစ္စယာ နာမရူပံလို့ မဟောဘူးလား။ ဝိညာဏ်က အကြောင်း တရား မရလား၊ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က။ ဤနှစ်ခု ချုပ်သွားတာက။
ကဲ နောက်ဆုတ်ကြည့်တော့ ဝိညာဏ်ကို အကျိုးတရား မထားရဘူးလား။ အကျိုးတရားထားတော့ အကြောင်း မရှာရဘူးလား။သင်္ခါရပစ္စယာ ဝိညာဏံ လို့ မဟောဘူးလား။ သင်္ခါရက အကြောင်းတရား မရလား။ ဝိညာဏ်က အကျိုးတရား မရလား။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က...။ ဤနှစ်ခု ချုပ်သွားတာ....။ ။ နိရောဓသစ္စာ။ ကဲ လေ့လာဖို့ မကောင်းလား။
ကဲ နောက်ဆုတ်ကြည့်တော့ သင်္ခါရကို အကျိုးတရား မထားရဘူးလား။ အကျိုးတရား ထားတော့ အကျိုးတရားကို သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ အကြောင်း မရှာရဘူးလား။ အကြောင်း ရှာကြည့်တော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ လို့ မဟောဘူးလား။ အဝိဇ္ဇာက အကြောင်းတရား မရလား။ သင်္ခါရက အကျိုးတရား မရလား။ အကျိုးတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ အကြောင်းတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့ အကျင့်က....။ ဤနှစ်ခု ချုပ်သွားတာ...။ အဲလို စိစစ်ဖို့ မကောင်းလား။ အဝိဇ္ဇာ ချုပ်ဖို့ လိုတာ။ စဉ်းစားဖို့ မကောင်းလား။ ထိထိမိမိ လေ့လာဖို့ လိုတယ်နော်။
အဲလို ပြန်ပြီးတော့မှ မိဖုရားကြီး မေးတဲ့အခါ ဥတေန မင်းကြီးတွေ့တာလား အဝိဇ္ဇာ သင်္ခါရ တွေ့တာလား။ အဝိဇ္ဇာ သင်္ခါရ တွေ့တယ်။ စဉ်းစားဖို့ မကောင်းလား။ ဒါတော့ အဝိဇ္ဇာ ဆိုတာ ဘယ်ပေါ်မှာ ဖြစ်တာလဲ လို့ လေ့လာဖို့ မကောင်းလား။ ခန္ဓာကို ခန္ဓာမှန်း သိဖို့ မလိုလား။ သစ္စာကို သစ္စာမှန်း သိဖို့ မလိုလား။ အဲလို လေ့လာဖို့ မကောင်းလား။
လက်တွေ့ မျက်တွေ့ ကဲ ဥတေန မင်းကြီး ထင်လို့ ဘုရား ပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်တော့ ဥတေန မင်းကြီးလား တေဇောဓာတ်လား။ ကဲ ပူနွေးနွေး မတွေ့လား။ ဥဏှတေဇော။ တနည်း အားဖြင့် အေးတာ မတွေ့လား။ သီတတေဇော။ ဥတေန မင်းကြီးလား တေဇောဓာတ်လား။ အဲလို တေဇောဓာတ်လို့ အမှန်သိဖို့ မလိုဘူးလား။ စဉ်းစားဖို့ မကောင်းလား။ ထင်တာက ဥတေန မင်းကြီး။ တွေ့တာက တေဇောဓာတ်ပေါ့။ပူတာ အေးတာ မတွေ့ဘူးလား။ ကဲ ဥတေန မင်းကြီးလား တေဇောဓာတ်လား။ ပူတယ် အေးတယ် သိတာ သူငါလား ကာယဝိညာဏ်။ ကာယဝိညာဏ်က နာမ်တရား မရလား။ ပူတာ အေးတာက ရုပ်တရား မရလား။ နာမ် ရုပ် နှစ်ပါး။ ဥတေန မင်းကြီးလား နာမ် နှင့် ရုပ်။ နာမ် ရုပ်ပဲတွေ့တယ်နော်။ အဲလို စိစစ်ဖို့ မကောင်းလား။
ကဲ ဥတေနမင်းကြီး တွေ့သေးရဲ့လား။ ဘာဖြစ်လို့ မတွေ့တာလဲ။ တွေ့တာက ဥတေန မင်းကြီးလား နာမ် နှင့် ရုပ်။ အမှန်သိတော့ အမှား မပျောက်လား။ ကဲ အဝိဇ္ဇာ လာသေးရဲ့လား။ စဉ်းစား အဝိဇ္ဇာ

မချုပ်ဘူးလားဟေ့။ ဒိဋ္ဌိ အဝိဇ္ဇာ ပြတ်ကင်းကွာ မှတ်ပါ သောတာပန်လို့ မဟောဘူးလား။ ဒိဋ္ဌိကား မပြုတ်လား ။ အဝိဇ္ဇာကား မချုပ်လား။ အသိနဲ့ ပြုတ်ရင် စူဠသောတာပန်ပေါ့။ ကဲ ရုပ် တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ နာမ်တရားက သိပြီးတော့ မပျက်လား။ ဖြစ်ပျက်လို့ မဟောလား။ ဘာသစ္စာလဲ။ ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရား။ ဆင်းရဲတယ်လို့ အမှန် သိသွားပြီနော်။ ယထာဘူတဉာဏ်။ ဒုတိယ ဆက်ကြိုးစားကြည့် ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ ဒုတိယ ကျတော့ ခန္ဓာက လွတ်ချင်တဲ့စိတ် ကျွတ်ချင်တဲ့ စိတ် မပေါ်လား။ နိဗ္ဗိန္ဒဉာဏ်လို့ မဟောဘူးလား။
တတိယ ဆက်ကြိုးစားကြည့် ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ ခြေဖ ခေါင်းဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ။ သုခဆိုတဲ့ တရား အပ်ဖျား တစ်ထောက်စာ မျှ တွေ့ရဲ့လား။ အပ်ဖျား တစ်ထောက် စာ မျှ သုခ မတွေ့တာ ရှိလို့လား မရှိလို့လား။ မရှိ ဒုက္ခအတိ လို့ မပိုင်းခြားလား။ ပိုင်းခြားလိုက်တဲ့ တစ်ချိန် သမ္မာဝါစာ-သမ္မာကမ္မန္တ- သမ္မာအာဇီဝ သီလ မဂ္ဂင်သုံးပါး မဝင်လား။ ရှုဉာဏ်ငါးပါးနဲ့ ပေါင်းလိုက်တော့ ရှစ်ပါး မပြည့်လား။ ရှစ်ပါးပြည့်တဲ့ အချိန် ခန္ဓာငါးပါး တွေ့သေးရဲ့လား။ ဖြစ်ပျက်ကား တွေ့သေးရဲ့လား။ လောကုတ္တရာ လို့ မဟောဘူးလား။ အဲဒီ သောတာပတ္တိမဂ်-သောတာပတ္တိဖိုလ် ဘာတွေ ပယ်တာလဲ စိစစ်ဖို့မကောင်းလား။ အနုသယ ကိလေသာ ။ ဘယ်အနုသယ လဲ။ ဒိဋ္ဌိ-ဝိစိကိစ္ဆာ ဆိုတဲ့ အနုသယ ကိလေသာ ပယ်တာ။ ဒိဋ္ဌိ-ဝိစိကိစ္ဆာ ဆိုတဲ့ အနုသယ ကိလေသာ ပယ်တော့ ပရိယုဋ္ဌာန မနောကံ လာသေးရဲ့လား ။ မနောကံ မလာ...ဝီတိက္ကမ ကာယကံ၊ ဝစီကံ လာသေးရဲ့လား။ မလာရင် အပါယ်သွားတဲ့ ကံတွေ မကုန်လား။ အပါယ် ခန္ဓာ ဇာတ်မသိမ်းလား။ ပဟာနပရိညာလို့ မဟောလား။
ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ ဤ ဉာဏ် သုံးဉာဏ်ရတဲ့ ပုဂ္ဂိုလ် အနမတဂ္ဂ သံသရာ က စ ကိုယ်ပြုခဲ့ တဲ့ အကုသိုလ်ကံဟောင်း ကြွေးဟောင်း အနန္တ။ ကဲ အကျိုးပေးခွင့် ရသေးရဲ့လား။ အကုန်လုံး အဟောသိကံ ဖြစ် မသွားလားဟေ့။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ နော်။ ကဲ အဲဒီတရား သိလိုက်တဲ့တချိန်တည်း မိဖုရားငါးရာ အကုန်လုံး သောတာပန် တည် မသွားလား။
ကဲ ထိဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ ။(ဒုက္ခသစ္စာပါဘုရား။) သိတာက ----။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက ---။ (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ။(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ် နှစ်ကွက် ရှိ။ (လေးကွက်ရှိပါတယ် ဘုရား။)တစ်ကွက်လျှင် ဘယ်နှစ်ပါး။(ငါးပါးပါ ဘုရား။)ငါး လေးလီ။ (နှစ်ဆယ်။) ဤရှစ်သွယ်ကို ။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

28.5.2005,(8:00am)17

သာဓု သာဓု သာဓု။

.............................................................................................................................................

ဩဝါဒ။ ။စာအုပ်ရှိတဲ့ ပုဂ္ဂိုလ် သေချာချာလေ့လာကြနော်။ ပီပီပြင်ပြင် ဖြစ်သွားအောင်။
မင်း အခု စာအုပ်သာ ကြည့်တယ်။ မပီသဘူး။ အကွက်ကျကျ လိုတယ်။